MYANMAR WITNESS

A project by

CENTRE for INFORMATION RESILIENCE

# လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် အကာအကွယ်ပေးထားသော နေရာများ

# လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် အကာအကွယ်ပေးထားသော နေရာများ

## မှတ်တမ်းတင်ထားသည့် မြန်မာနိုင်ငံမှ ဘာသာရေးအဆောက်အအုံများတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ် ၃၁၂ ခု (၂၀၂၄-၂၀၂၅)။

၂၀၂၆ ခုနှစ် မတ်လ ၃၀ ရက်


၁။ အစီရင်ခံစာ အနှစ်ချုပ် 1
၂။ နေရာဒေသအလိုက် တိုက်ခိုက်မှုပုံစံ 2
၃။ အချိန်အလိုက် တိုက်ခိုက်မှု ပုံစံ 6
၄။ ပျက်စီးမှုပုံစံနှင့် ပြင်းထန်မှု 7
၅။ ပါဝင်သူ 10
၆။ နိဂုံးချုပ် 12
၇။ အတိုကောက် စကားလုံးများ 12
၈။ သုတေသန နည်းလမ်း 13


---

## ၁။ အစီရင်ခံစာ အနှစ်ချုပ်

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေဖြင့် အရပ်သားများနှင့် သက်ဆိုင်သော နေရာနှင့် ယဉ်ကျေးမှုနှင့် သက်ဆိုင်သောနေရာအဖြစ် သတ်မှတ်ထားသည့် ဘာသာရေးဆိုင်အရာ အဆောက်အအုံ များသည် မြန်မာနိုင်ငံတွင် ထိခိုက်မှုများစွာ ရှိနေသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ ဘုန်းတော်ကြီးကျောင်း၊ ဘုရားကျောင်းများ၊ ဗလီများနှင့် စေတီပုထိုးများ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးသည့် ဖြစ်စဉ် ၃၁၂ ခုကို Myanmar Witness မှ မှတ်တမ်းတင်ထားသည်[1]။

အဓိကတွေ့ရှိချက်များတွင် -

- နေရာဒေသကန့်သတ်ချက် - ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၅ ခုအနက် နေပြည်တော် ပြည်ထောင်စု နယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှလွဲ၍ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၃ ခုတွင် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။
    - စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်စဉ် ၅၇ ခုစီဖြင့် အများဆုံး ဖြစ်ပွားခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဖြစ်စဉ် ၅၃ ခုဖြင့် ဒုတိယအ များဆုံး ဖြစ်သည်။

[1] Myanmar Witness မှ အချက်အလက်များ ကောက်ယူရာတွင် ပဋိပက္ခဖြစ်ပွားနေသည့်နေရာများမှ ကန့်သတ်ချက်များကြောင့် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်အားလုံးအား မှတ်တမ်းမတင်နိုင်ခြင်းမျိုးရှိနိုင်သည်။

- မြို့နယ် ၃၃၀ အနက် ၁၀၈ (၃၃%)မြို့နယ်တွင် ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့တွင် ဖြစ်စဉ် ၁၇ ခုဖြင့် အများဆုံးဖြစ်ပွားခဲ့ကာ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်တွင် ၁၅ ခုနှင့် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်တွင် ၁၂ ခု အသီးသီး ဖြစ်ပွားခဲ့သည်။

- အချိန်ကာလအလိုက် ဖြစ်ပွားမှု - ဖြစ်စဉ် ၁၇၇ (၅၇%) ခုသည် ၂၀၂၅ ခုနှစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၁၃၅ (၄၃%) ခု သည် ၂၀၂၄ ခုနှစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။
  - ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ တစ်လအတွင်း ဖြစ်စဉ် ၂၇ ခု (တစ်ရက်လျှင် ဖြစ်စဉ်တစ်ခုနီးပါး) အထိရှိခဲ့ပြီး အများဆုံးဖြစ်ပွားခဲ့သည်။

- အဆောက်အအုံ အမျိုးအစား - ဖြစ်စဉ် ၃၁၂ ခုအနက် ဘုန်းတော်ကြီးကျောင်းများထိခိုက်မှုဖြစ်စဉ် ၂၆၁ (၈၄%) ခုဖြင့် အများဆုံးထိခိုက်ပျက်စီးခဲ့ပြီး ခရစ်ယာန် ဘုရားကျောင်းများထိခိုက်မှု ဖြစ်စဉ် ၄၄ (၁၃%) ခုဖြင့် ဒုတိယအများဆုံးဖြစ်သည်။

- ထိခိုက်မှုအခြေအနေ - အကြီးစားထိခိုက်မှုဖြစ်ပွားခဲ့သည့် ဖြစ်စဉ် ၁၂၆ (၄၀%) ခုရှိပြီး အများဆုံးဖြစ်ကာ လုံးဝပျက်စီးသွားသည့်ဖြစ်စဉ် ၇၇ (၂၅%) ဖြင့် ဒုတိယအများဆုံးဖြစ်သည်။

- ပျက်စီးမှု အကြောင်းအရင်း - ပေါက်ကွဲမှုကြောင့် ပျက်စီးမှု ၂၅၁ (၈၀%) ဖြင့် အများဆုံးဖြစ်ပွားခဲ့ပြီး ဘေးပတ်ဝန်းကျင်နေရာများတွင်လည်း ထိခိုက်ပျက်စီးမှုများတွေ့ရသည်။ ပေါက် ကွဲမှုနှင့် မီးလောင်မှု နှစ်မျိုးကြောင့် ထိခိုက်ပျက်စီးမှုဖြစ်စဉ် ၂၅ (၈%) ခု မှတ်တမ်းတင်ထား သည်။

- ထိခိုက်သေဆုံးမှု - ဖြစ်စဉ် ၉၇ ခုမှ သေဆုံးသူ ၄၃၁ ဦး၊ ဖြစ်စဉ် ၁၅၆ ခုမှ ထိခိုက်ဒဏ်ရာရရှိသူ ၈၇၁ ဦးရှိသည်ဟု ဖော်ပြချက်များကို မှတ်တမ်းတင်ထားသည်။ သို့သော် ရုပ်သံများမြင်တွေ့ရမှု ကန့်သတ်ချက်များကြောင့် ဤအရေအတွက်များအား အတည်မပြုနိုင်ပါ။

- တည်နေရာအတည်ပြုခြင်း - ဖြစ်စဉ် ၃၁၂ ခုအနက် ၂၃၂ (၇၄%)ခုကို တည်နေရာ အတည်ပြုနိုင်ပြီး ကျန်ဖြစ်စဉ် ၈၀ ခုမှာ "ဖြစ်နိုင်ခြေများသည့်" အဆင့်နှင့် ဖော်ပြချက် အဆင့်အဖြစ်သာ သတ်မှတ်သည်။

- အသုံးပြုသည့်လက်နက်ဖော်ပြမှု - မှတ်တမ်းများအရ ဂျက်ဖိုက်တာများ၊ ဒရုန်းများ၊ လက်နက် ကြီးများနှင့် စက်တပ်လေထီး(ပါရာမော်တာ)များ အသုံးပြုခဲ့ကြောင်း ဖော်ပြချက်များကို မှတ် တမ်းတင်ထားသည်။

- ပါဝင်သူ - Myanmar ဖြစ်စဉ် ၂၇၇ (၈၉%)ခုအတွက် မြန်မာလေတပ် (MAF) ဟု ဖော်ပြထား ပြီး ဖြစ်စဉ် ၅ (<၂%) ခုအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)ဟု ဖော်ပြထားသည်။ ကျန်ဖြစ်စဉ်များတွင် ပါဝင်သူကို ဖော်ပြထားခြင်းမရှိပါ။

ဘာသာရေးအဆောက်အအုံများအား လေကြောင်းမှ တိုက်ခိုက်မှုများပြုလုပ်သကဲ့သို့ ပညာရေးနှင့် ကျန်းမာရေးအဆောက်အအုံများကိုလည် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း Myanmar Witness မှ ဖော်ထုတ်ခဲ့ပြီး ခွဲခြားမှုမရှိသော ရေယာအလိုက်တိုက်ခိုက်မှုဖြစ်နိုင်သည်။

ဤတွေ့ရှိချက်များတွင် ထူးခြားသည့်ပုံစံတစ်ခုတွေ့ရပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများသည် လုံခြုံမှုမရှိသလို နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေနှင့် ပက်သက်ပြီး စိုးရိမ်စရာများရှိလာသည်။ Myanmar Witness အနေနှင့် ဤကဲ့သို့သော ကာကွယ် ထားသည့်အဆောက်အအုံများတွင် ဖြစ်ပွားသည့်ဖြစ်စဥ်များကို ဆက်လက်စောင့်ကြည့် မှတ်တမ်းတင် သွားမည်ဖြစ်သည်။

---

## ၂။ နေရာဒေသအလိုက် တိုက်ခိုက်မှုပုံစံ

ပထဝီအနေအထားများအရ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် တိုက်ခိုက်မှုဖြစ်စဥ် အများဆုံး ဖြစ်ပွား ခဲ့သည်။ အချက်အလက်များကို သုံးသပ်ချက်အရ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုအနက် နေပြည် တော် ပြည်ထောင်စုနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးမှလွဲ၍ ကျန်ပြည်နယ်နှင့်တိုင်း ဒေသကြီး ၁၃ ခုတွင် ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်(ပုံ-၁)။

မြေပုံ - ၂၀၂၄-၂၀၂၅ ခုနှစ်များတွင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ တိုက်ခိုက်မှု တည်နေရာအတည်ပြုနိုင်သော ဖြစ်စဥ်များနှင့် တည်နေရာအတည်မပြုနိုင်သောဖြစ်စဥ်များ ပြမြေပုံ။




Source: Myanmar Witness • Map data: USAID • Created with Datawrapper

ပုံ -၁ မြန်မာနိုင်ငံအတွင်း ဘာသာရေးအဆောက်အအုံများ ထိခိုက်ပျက်စီးမှုရှိသည့် ဖြစ်စဉ်များကို နေရာအတည်ပြုမှုပြုထားသည့် မြေပုံ။

(ရင်းမြစ် *Myanmar Witness* မှ *Datawrapper* ကို အသုံးပြုပြီး ဖန်တီးထားသည်။)

နေပြည်တော်သည် မြန်မာနိုင်ငံ၏ အဓိကအုပ်ချုပ်ရေးမြို့တော်ဖြစ်ပြီး ရန်ကုန်သည် ဆိပ်ကမ်းများ၊ ဘဏ်များ၊ စီးပွားရေးလုပ်ငန်းများစွာရှိပြီး လူဦးရေအများဆုံး စီးပွားရေးမြို့တော်ဖြစ်သည်။ ထိုနေရာများတွင် တိုက်ခိုက်မှုဖြစ်စဉ်မရှိခြင်းသည် မြန်မာစစ်တပ်မှ အဓိကမြို့ကြီးများကို နည်းဗျူဟာကျရှောင်ခဲ့ခြင်း ဖြစ်နိုင်သည်။ သို့သော် ထိုကဲ့သို့ တိုက်ခိုက်မှုဖြစ်စဉ် ဖော်ပြမှုများ မရှိသော်လည်း ထိုနေရာများသည် အခြားသော အကြမ်းဖက်မှုပုံစံများမှ လုံခြုံသည်ဟု မဆိုနိုင်ပါ။ အရေးပါသော အုပ်ချုပ်ရေး မြို့တော်နှင့် စီးပွားရေးမြို့တော်တို့တွင် တိုက်ခိုက်မှုဖြစ်စဉ် အနည်းငယ်သာ ဖြစ်ပေါ်ခြင်းသည် နိုင်ငံသားများနှင့် နိုင်ငံတကာအသိုင်းဝိုင်းတို့၏ ပဋိပက္ခအပေါ်အမြင်များနှင့် နားလည်မှုကို လွှမ်းမိုးနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သည် ဘာသာရေးအဆောက်အအုံထိခိုက်မှုဖြစ်စဉ် ၅၇ ခုစီဖြင့် အများဆုံးဖြစ်ပွားခဲ့ပြီး မန္တလေးတိုင်းဒေသကြီးသည် ဖြစ်စဉ် ၅၃ ခုဖြစ် ဒုတိယဖြစ်သည်။

မြို့နယ်အရေအတွက်အားဖြင့် မြို့နယ် ၃၃၀ အနက် ၁၀၈ (၃၃%) ခုတွင် ဖြစ်ပွားခဲ့သည်။ မန္တလေးတိုင်းဒေသကြီးရှိ နွားထိုးကြီးမြို့နယ်သည် ဖြစ်စဉ် ၁၇ (၅%) ခုဖြင့် အများဆုံးဖြစ်ပွားခဲ့ပြီး ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်သည် ဖြစ်စဉ် ၁၅ (၅%) ခု၊ မန္တလေးတိုင်းဒေသကြီး တောင်တာမြို့နယ်တွင် ၁၂(၄%) ခု အသီးသီးရှိခဲ့သည်။ (အောက်ပါ ပုံ-၂ တွင်ကြည့်ပါ။)

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းခဲ့သည့်အချိန်မှစ၍ မြန်မာနိုင်ငံအလယ်ပိုင်းရှိ စစ်ကိုင်းတိုင်းဒေသကြီး အကြမ်းဖက်မှုများဖြစ်ပွားရာ ဗဟိုချက်ဖြစ်ခဲ့သည်။ ထိုဒေသသည် (Myanmar Witness မှ အခြားစုံစမ်း စစ်ဆေးမှုများတွင် တွေ့ရှိရသည့်ပုံစံအရ)အကြမ်းဖက်မှုဖြစ်ပွားမှုနှုန်း အမြင့်ဆုံးဖြစ်ပြီး မီးလောင်မှုအား အကြမ်းဖက်မှုနည်းလမ်းတစ်မျိုးအဖြစ် အသုံးပြုကြောင်းတွေ့ရသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ညီနောင်မဟာမိတ်သုံးဖွဲ့၏ စစ်ဆင်ရေး ၁၀၂၇ ခေါ်င်းစဉ်ဖြင့် မြန်မာစစ်တပ်တို့ ပြင်းထန်သည့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ထိုညီနောင်မဟာမိတ်သုံးဖွဲ့တွင် အရက္ခတပ်တော် (AA)၊ မြန်မာ့အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့ ပါဝင်သည်။

ရှမ်းပြည်နယ်အတွင်းမှ ထိုတိုက်ပွဲများကို တရုတ်၏ စေ့စပ်ညှိနှိုင်းမှုဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ အစောပိုင်းတွင် အပစ်ခတ်ရပ်စဲခဲ့သော်လည်း ၂၀၂၄ ခုနှစ် ဇွန်လတွင် အပစ်ခတ်ရပ်စဲမှုအား ချိုးဖောက် ခဲ့သည်။ ရှမ်းပြည်နယ်မှ ကျောက်မဲမြို့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAO)နှင့် မန္တလေး ပြည်သူ့ကာကွယ်ရေးတပ်မတော် (MDY-PDF) တို့ထိန်းချုပ်ထားသည့် မန္တလေးတိုင်းဒေသကြီးမှ နေရာ အချို့အပါဝင် မြို့ကြီးများတွင် ဒုတိယအကြိမ် တိုက်ပွဲများ ပြန်လည်ဖြစ်ပွား ခဲ့သည်။

မြန်မာစစ်တပ်နှင့် တိုက်ပွဲဖြစ်ပွားသည့် သတင်းအချက်အလက်ဖော်ပြမှုများနှင့် စုဆောင်းသိမ်းဆည်းချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သည် အဓိက တိုက်ပွဲများ ဖြစ်ပွားရာနေရာများ ဖြစ်နိုင်သည်။

## မြေပုံ - ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဘာသာရေးအဆောက်အအုံများအား တိုက်ခိုက်မှုပြ မြေပုံ




ပုံ -၂ စုံစမ်းမှုပြုလုပ်လုပ်ချက်များအရ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် မြို့နယ်များပြ မြေပုံ။ မန္တလေးတိုင်းဒေသကြီးမှ နွားထိုးကြီး မြို့နယ်သည် ဖြစ်စဉ် ၁၇ ခုဖြင့် အများဆုံးဖြစ်ပွားခဲ့သည်။ *(ရင်းမြစ် - Myanmar Witness* မှ *Datawrapper* ကိုအသုံးပြုပြီး ဖန်တီးထားသည်*)*

## ၃။ အချိန်အလိုက် တိုက်ခိုက်မှု ပုံစံ

၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း ဘာသာရေးအဆောက်အအုံများအား လေကြောင်းတိုက်ခိုက်မှု ၃၁၂ ကြိမ်ကို Myanmar Witness မှ မှတ်တမ်းတင်ထားပြီး တစ်လတွင် ပျမ်းမျှ ၁၃ နေရာတိုက်ခိုက်ခံခဲ့ရသည် (ပုံ-၃)။ နှစ်အလိုက်အရေအတွက်အရ ၂၀၂၄ ခုနှစ်တွင် ၁၃၅(၄၃%) ကြိမ် ဖြစ်ပွားခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၁၇၇ (၅၇%) ကြိမ်ဖြင့် ပိုမိုများလာသည်ကို တွေ့ရသည်။ ၂၀၂၄ ခုနှစ်တွင် လစဉ် ပျမ်းမျှတိုက်ခိုက်မှုနှုန်း ၁၁ နေရာမှ ၂၀၂၅ ခုနှစ်တွင် လစဉ်ပျမ်းမျှတိုက်ခိုက်မှု ၁၄ နေရာအထိ တိုးလာသည်။ ဤအချက် အလက်များအရ ဘာသာရေးအဆောက်အအုံများအား တိုက်ခိုက်မှုအနည်းငယ် မြင့်တက်လာသည်ဟု ဆိုနိုင်သည်။




ပုံ ၃ - *Myanmar Witness* မှ စုဆောင်းစိစစ်ထားသည့် လအလိုက် ဘာသာရေးအဆောက်အအုံများအား တိုက်ခိုက်မှုအရေအတွက်ပြ ဇယား။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် တိုက်ခိုက်မှုဖြစ်စဉ် ၂၇ ကြိမ်အထိ ဖော်ပြမှုများတွေ့ရှိရပြီး အဆိုပါ အရေအတွက်သည် ၂၀၂၄ ဖေဖော်ဝါရီလတွင် တိုက်ခိုက်မှုဖြစ်စဉ် ဖော်ပြမှုထက် နှစ်ဆကျော် ပိုများ လာသည်။ ထိုတိုက်ခိုက်မှုများ အနက် ဖြစ်စဉ် ၁၁ ခုတွင် အကြီးစားထိခိုက်မှု ဖြစ်ပွားခဲ့သည်ဟု ဖော်ပြ ထားပြီး ဖြစ်စဉ် ၇ ခုတွင် လုံး၀ ပျက်စီးသွားသည်ဟု ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ အတွင်း ထိုကဲ့သို့အရေအတွက် တိုးလာစေသော ထူးခြားသည့်ဖြစ်စဉ် အကြောင်းအရာများ မရှိသည်ကို တွေ့ရသည်။ ထိုလအတွင်း ကချင်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးမှလွဲ၍ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့်တိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း ဖော်ပြနေသည်။

ဤအချက်အလက်များအရ ယခင်အချိန်များတွင် လုံခြုံသည့်နေရာအဖြစ်သတ်မှတ်ခဲ့သည့် ဘာသာ ရေး အဆောက်အအုံ ထိခိုက်ပျက်စီးမှုများ မကြာခဏဖြစ်ပွားနေပြီး အန္တရာယ်ရှိသည့် နေရာအဖြစ် သတ်မှတ်မှု များရှိလာသောကြောင့် ပဋိပက္ခအခြေအနေ ပြောင်းလဲမှုကို ဖော်ပြနေသည်။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေအရ ဘာသာရေး အဆောက်အအုံများသည် အကာ အကွယ် ပေးထားသော အဆောက်အအုံများဖြစ်သည့်အပြင် အခြေအနေအများစုတွင် ယဉ်ကျေးမှု အမွေအနှစ်ကို ဖော်ပြသည့် အဆောက်အအုံများအဖြစ် သတ်မှတ်မှုများရှိနေစဉ်တွင် ဤကဲ့သို့ တိုက်ခိုက်မှုများ ပြုလုပ်ခံနေရခြင်းဖြစ်သည်။

## ၄။ ပျက်စီးမှုပုံစံနှင့် ပြင်းထန်မှု

မြန်မာနိုင်ငံရှိ ကျေးရွာတိုင်းနီးပါးတွင် ဘုန်းတော်ကြီးကျောင်းများရှိပြီး တည်ဆောက်မှုပုံစံ၊ အရွယ်အစား၊ ကျယ်ပြန့်သော နေရာလွတ်များ၊ ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီပုထိုးများကြောင့် မြင်သာသည်။ ကြီးမားသည့်အရွယ်အစားများကြောင့် စစ်ဘေးရှောင်ပြည်သူများမှ စစ်ရှောင်ရန်နေရာအဖြစ် အသုံးပြုလေ့ရှိသည်။

၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း ထိုဘာသာရေးအဆောက်အအုံများ တိုက်ခိုက်ခံရမှုနှင့် ပက်သက်သည့် ပျက်စီးမှုပုံစံနှင့် ပြင်းထန်မှုအတိုင်းအတာ၊ ထိခိုက်သည့် ဘာသာရေးအဆောက်အအုံ အမျိုးအစားတို့ကို Myanmar Witness မှ စိစစ်မှုများပြုလုပ်ခဲ့သည်။ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း ဘာသာရေးအဆောက်အအုံများ တိုက်ခိုက်ခံရမှု ဖြစ်စဥ် ၃၁၂ ခုတွေ့ရှိခဲ့ပြီး ၂၆၁ ခုမှာ ဘုန်းတော်ကြီးကျောင်းများတိုက်ခိုက်ခံရမှုဖြစ်ကာ စုစုပေါင်း တိုက်ခိုက်ခံရမှု၏ ၈၄ % အထိရှိသည်။ ခရစ်ယာန်ဘုရားကျောင်းများတိုက်ခိုက်ခံရမှု ၄၄ ကြိမ်ကိုလည်း တွေ့ရှိခဲ့ရသည်။ ၂၀၂၂ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ ဘာသာရေးလွတ်လပ်ခွင့် အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ၈၈% အထိ ရှိသည့် အချက်သည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ ထိခိုက်ပျက်စီးမှုအများဆုံး ဖြစ်နေသည့်အချက် နှင့် ကိုက်ညီနေသည်။




ပုံ (၄)- *Myanmar Witness* မှ စုဆောင်းပြီး စိစစ်ထားသည့် အချက်အလက်များအရ ထိခိုက်ပျက်စီးသည့် ဘာသာရေးအဆောက်အုံများ၏ အရေအတွက်ပြ ဇယား။

လေကြောင်းတိုက်ခိုက်မှုကြောင့် ဘာသာရေးအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများအား စိစစ်ပြီး Myanmar Witness မှ အဆင့် ငါးဆင့်ဖြင့် ခွဲခြားသတ်မှတ်သည်(ပုံ ၅)။

အဆောက်အအုံများထိခိုက်မှု ပမာဏကို Myanmar Witness မှ အောက်ပါအတိုင်း သတ်မှတ်သည်။

- မမြင်နိုင် - ထိခိုက်ပျက်စီးသွားကြောင်း စာများဖြင့်ဖော်ပြထားပြီး ရုပ်သံမပါဝင်ခြင်း။

- ထိခိုက်မှုမရှိ - အပင်များ သို့မဟုတ် မြေကြီးပေါ်တွင် ထိခိုက်မှုများကို တွေ့ရပြီး ဘာသာရေး အဆောက်အအုံတွင် မတွေ့ရခြင်း။
- အသေးစားပျက်စီးမှု - ဘာသာရေးအဆောက်အအုံများတွင် အပေါက်ငယ်များ သို့မဟုတ် ထိခိုက်မှု အနည်းငယ်မြင်ရခြင်း။
- အကြီးစားပျက်စီးမှု - ဘာသာရေးအဆောက်အအုံ၏ နံရံများ သို့မဟုတ် အမိုးများတွင် သိသာထင်ရှားသည့် ပျက်စီးမှုပုံစံများ မြင်တွေ့ရခြင်း။
- လုံးဝ ပျက်စီးမှု - အမိုးနှင့် နံရံများ ဘာသာရေးအဆောက်အအုံများပေါ်သို့ ပြိုကျပျက်စီးခြင်း။

သုံးသပ်ချက်များအရ တိုက်ခိုက်မှုဖြစ်စဉ် ၁၂၆ (စုစုပေါင်း၏ ၄၀%) ခုတွင် "အကြီးစားပျက်စီးမှု" ဖြစ်ခဲ့ပြီး အများဆုံးဖြစ်ကာ ဖြစ်စဉ် ၇၇ (၂၅%) ခုတွင် "လုံးဝပျက်စီးမှု" ဖြစ်ပေါ်ခဲ့သည်။ အကြီးစား ပျက်စီးမှု ဥပမာများကို ပုံ-၆ တွင် ကြည့်ပါ။



Minor Damage



Major Damage



Complete Destruction

ပုံ *(၅)* - သတင်းဖော်ပြမှုများတွင်ပါဝင်သည့် ရုပ်သံများအား ပျက်စီးမှုပုံစံများနှင့် အဆင့်သတ်မှတ်ပုံ။ *[အပေါ်ပုံ]* အသေးစားထိခိုက်မှု - ထိခိုက်ထားသည့်စေတီအား ကော့သာဆူးကျေးရွာ *[16.65238, 98.121561]*တွင် နေရာအတည်ပြုထားသည် *[အလယ်ပုံ]* အကြီးစားပျက်စီးမှု - ထိခိုက်ပျက်စီးထားသည့် ဘုန်းတော်ကြီးကျောင်းအား ထမ်ယမ်းကျေးရွာ *[20.468014, 97.365829]*တွင် ဖြစ်ကြောင်း နေရာအတည်ပြုထားသည်။ *[အောက်ပုံ]* လုံးဝပျက်စီးမှု - မီးလောင်နေသည့် ဘုန်းတော်ကြီးကျောင်းကို ပန်လျှန်း ကျေးရွာ *[20.734726, 97.301634]* တွင်ဖြစ်ကြောင်း နေရာအတည်ပြုထားသည်။ (ရင်းမြစ် - *TawNaw FM Facebook, Pa-O Human Rights Group) Facebook* နှင့် *PNLA News & Information Department Facebook.)*




ပုံ ၆ - ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်ရှိ ကွမ်းစလန်းကျေးရွာမှ လေကြောင်းတိုက်ခိုက်မှုခံရသည်ဟု ဆိုသော ဘုန်းတော်ကြီးကျောင်း အကြီးစားပျက်စီးမှုများဖြစ်ပေါ်သွားပုံ။ ပျက်စီးသွားသွားသည့် အဆောက်အအုံကို ဤနေရာတွေ့နိုင်သည်။ *[22.852975, 96.894512]* (ရင်းမြစ်- *Shwe Phee Myay News Agency Facebook*)

ပျက်စီးမှုဖြစ်ပေါ်စေသည့်အကြောင်းအရင်းများဖော်ပြချက်များတွင် ပေါက်ကွဲမှု၊ မီးလောင်မှုနှင့် အခြား မဖော်ပြထားသော အကြောင်းအရင်းများပါဝင်သည်ဟု Myanmar Witness ၏

သုံးသပ်ချက်အရ တွေ့ရှိရသည်။ ပေါက်ကွဲမှုကြောင့် ပျက်စီးမှုများသည် အများဆုံးဖြစ်ပြီ’ ဖြစ်စဉ် ၂၅၁ (၈၀%) ခန့် အထိ ရှိသည်။ ထိုအနက်မှ ဖြစ်စဉ် ၂၀၉ (၆၇%) ခုတွင် ဘေးပတ်ဝန်းကျင်နေရာများကိုလည်း ထိခိုက် ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည်။ ဖြစ်စဉ် ၂၅ (၈%) ခုခန့်တွင် ပေါက်ကွဲမှုနှင့် မီးလောင်မှု နှစ်ခုလုံးကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ ဤတွေ့ရှိချက်များသည် လေကြောင်းတိုက်ခိုက်မှုများမှ ပေါက်ကွဲမှု ဖြစ်ပေါ်ပြီး ပျက်စီးမှုဖြစ်ပွားစေသည်ဆိုသည့် ဖော်ပြချက်များနှင့် ကိုက်ညီမှုရှိနေသည်။

---

## ၅။ ပါဝင်သူ

ဘာသာရေးအဆောက်အအုံများအား လေကြောင်းတိုက်ခိုက်မှုများကျူးလွန်ခဲ့သူအား Myanmar Witness မှ အပြည့်အဝ အတည်ပြုနိုင်ခြင်းမရှိသော်လည်း ဖြစ်စဉ် ၂၇၇ (၈၉%) ခုတွင် မြန်မာလေတပ် (MAF) ပါဝင်ပတ်သက်မှုကို ဖော်ပြထားသည်(ပုံ ၇)။ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ပြီး ဒရုန်းများ၊ စက်တပ်လေထီး (ပါရာမော်တာ)များ၊ လက်နက်ကြီးပစ်ခတ်မှုများကဲ့သို့သော အခြားလေကြောင်းမှ တိုက်ခိုက်မှုများကို ဖြစ်စဉ် ခြောက်ခုတွင်တွေ့ရသည်။

ဖြစ်စဉ် ၁၂၇ (၄၁%) ခုတွင် လေယာဉ်ပါဝင်မှုကိုဖော်ပြထားပြီး MiG-29၊ Mi-35၊ Mi-17၊ Y-12၊ YAK-130 နှင့် K-8W တို့ကို အသုံးပြုခဲ့ကြောင်း ဖော်ပြထားသည်(ပုံ ၈)။ မြန်မာလေတပ်ပါဝင်မှု ဖော်ပြ ထားသည့် ဖြစ်စဉ် ၁၈၄ (၆၆%) ခုတွင် အကြီးစားပျက်စီးမှု သို့မဟုတ် လုံးဝပျက်စီးမှု များဖြစ်ပေါ်ခဲ့သည်။ ပေါက်ကွဲမှုပြင်းထန်စေနိုင်သည့် လက်နက်များနှင့် ကိုက်ညီမှုရှိနေပြီး ဤစုံစမ်းစစ်ဆေးမှု၏ ပျက်စီးမှု သုံးသပ်ချက်များနှင့် ကိုက်ညီနေသည်။

ကျန်ရှိသည့် ဖြစ်စဉ် (<၁၁%) ခန့်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)၊ ပြည်သူ့ ကာကွယ်ရေးတပ်မတော် (PDF)၊ ပျူစောထီးနှင့် ဖော်ပြမှုမရှိ(“အခြား ”အဖြစ် မှတ်တမ်းတင်ထား) သည့် အဖွဲ့အစည်းများကို ဖော်ပြထားသည်။




ပုံ-၇။ ဖြစ်စဉ်များတွင် ပါဝင်သည်ဟု ဖော်ပြထားသည့် အဖွဲ့အစည်းများ။ (ရင်းမြစ် - *Myanmar Witness created with Datawrapper).*



ပုံ-၈။ ဖြစ်စဉ်များတွင် အသုံးပြုခဲ့သည်ဟု ဖော်ပြထားသည့် လေယာဉ်အမျိုးအစားများနှင့် လက်နက်များ (ရင်းမြစ် - *Myanmar Witness created with Datawrapper).*

---

## ၆။ နိဂုံးချုပ်

၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားကျောင်းများ၊ ဗလီများနှင့် စေတီပုထိုးများအပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား လေကြောင်းမှ တစ်ဆင့် တိုက်ခိုက်ခံရမှု ၃၁၂ ကြိမ်အထိရှိခဲ့ကြောင်း Myanmar Wintess မှ မှတ်တမ်းတင်ထားသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုအနက် ၁၃ ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဘာသာရေးအဆောက်အအုံ များသို့ သွားရောက်လည်ပတ်သူများအတွက် အလွန်အန္တရာယ်ရှိနိုင်ကြောင်း ညွှန်ပြနေသည်။ ဖြစ်စဉ် မှတ်တမ်းများအရ အများဆုံးဖြစ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အန္တရာယ် ပိုမိုရှိနေသည်။

ဖြစ်စဉ်မှတ်တမ်း၏ ၈၉% တွင် မြန်မာလေတပ် (MAF) ဟုဖော်ပြထားပြီး ၄၀ % ခန့်တွင် ဂျက်လေယာဉ် အားမြင်တွေ့ရသည်ဟု ဖော်ပြထားသည့်အပြင် ပြင်းထန်သည့် ပေါက်ကွဲမှုများ ဖြစ်ပေါ်ထားသည်။ ၎င်းတို့၏ ပါဝင်မှုကို သက်သေပြရန်အတွက် ရုပ်သံ သက်သေများမရှိသော်လည်း မြန်မာလေတပ် (MAF) တစ်ဖွဲ့တည်းကသာ မြန်မာနိုင်ငံတွင် ဂျက်လေယာဉ်များကို အသုံးပြုနိုင်သည့် အဖွဲ့ဖြစ်သည်။

ဘုန်းတော်ကြီးကျောင်းများသည် ထိခိုက်ပျက်စီးမှုအများဆုံး အဆောက်အအုံဖြစ်သည်။ ဘုန်းတော်ကြီး ကျောင်းများသည် ပတ်ဝန်းကျင်တွင် တည်ဆောက်မှုပုံစံကြောင့် မြင်သာခြင်း၊ ထုထည်ကြီးသည့် အတွက် စစ်ရှောင်ပြည်သူများ ခိုလှုံနိုင်ခြင်းနှင့် ပွဲလမ်းများကျင်းပနိုင်ခြင်းတို့ကြောင့်ဖြစ်သည်။ သို့သော် Myanmar Witness ၏ စစ်ဘေးရှောင်များ အစီရင်ခံစာတွင် ထိုနေရာများကို မြန်မာစစ်သားများနှင့် တော်လှန်ရေးအဖွဲ့များကလည်း အသုံးပြုကြကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ဘုန်းတော်ကြီး ကျောင်းများအား အသုံးပြုပုံ မတူညီကြသော်လည်း ဒေသခံပြည်သူများအတွက် အရေးပါသည့် နေရာ ဖြစ်သည်။

ဤကဲ့သို့ဖြစ်စဉ်များသည် ဘာသာရေးအဆောက်အအုံများ၏ မလုံခြုံမှုအခြေအနေများနှင့် ကာကွယ်မှုပေးရန် အရေးတကြီးလိုအပ်နေမှုကို ဖော်ပြနေသည်။ Myanmar Witness မှ မြန်မာနိုင်ငံအတွင်းရှိ ဘာသာရေးအဆောက်အအုံများတွင် ဖြစ်ပွားသည့်ဖြစ်စဉ်များကို ဆက်လက်စောင့်ကြည့် မှတ်တမ်းတင်သွားမည် ဖြစ်သည်။

---

## ၇။ အတိုကောက် စကားလုံးများ

| | |
|---|---|
| Ethnic Armed Organisation<br>**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း** | EAO |
| Internally Displaced Person(s) **စစ်ရှောင်ပြည်သူများ** | IDP |
| Mandalay People’s Defence Force<br>**မန္တလေး ပြည်သူကာကွယ်ရေးတပ်မတော်** | MDY-PDF |

| | | |
|---|---|---|
| Myanmar Air Force | မြန်မာလေတပ် | MAF |
| People Defense Force | ပြည်သူ့ကာကွယ်ရေးတပ်မတော် | PDF |
| User-Generated Content | အသုံးပြုသူများ ဖန်တီးသည့် ရုပ်သံ | UGC |

## ၈။ သုတေသန နည်းလမ်း

Myanmar Witness သည် ဒီဂျစ်တယ်မှတ်တမ်းများကို ပုံတူကူးနိုင်သည့် နည်းလမ်းများဖြင့် စနစ်တကျ သိမ်းဆည်းသည်။ ဒီဂျစ်တယ်မှတ်တမ်းများကို စုဆောင်းပြီး လုံခြုံသော ဒေတာဘေ့စ်တွင် ပြုပြင်ပြောင်း လည်းခြင်း မပြုလုပ်နိုင်ရန် စနစ်တကျ သိမ်းဆည်းထားသည်။




၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ Myanmar Witness ၏ စုဆောင်းခဲ့သည့် အချက်အလက်များမှ ဘာသာရေးဆိုင်ရာ အဆောက်အအုံများထိခိုက်မှုနှင့် ပတ်သက်သည့် အချက်အလက်များကို စိစစ်မှုများပြုလုပ်ခဲ့သည်။ ဤအစီရင်ခံစာအတွက် စုဆောင်းထားသည့်အချက်အလက်များမှ အောက်ပါစကားလုံးများကို အသုံးပြုပြီး ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။

- Religious buildings/religious building
- Monastery/ဘုန်းကြီးကျောင်း
- Pagoda/ဘုရား/စေတီ
- Church/ဘုရားကျောင်း/
- Buddhist Seminary
- Shrine or Pavilion/တန်ဆောင်း
- Religious/သာသနိက
- Religion/ဘာသာရေး/သာသနာ
- Monk/ရဟန်း
- Novice/ကိုရင်
- Mosque/ဗလီ
- Temple/ဘုရားကျောင်း

Myanmar Witness မှ ဖြစ်စဉ်များနှင့် ပတ်သက်သည့် လူမှုကွန်ရက်တွင် မျှဝေထားသည့် ရုပ်သံများကို စိစစ်မှုများ ပြုလုပ်ခဲ့သည်။ အဓိကကျူးလွန်သူ၊ လေယာဉ်နှင့်

လက်နက်အမျိုးအစားများ၊ ပျက်စီး စေသည့်အကြောင်းအရင်း၊ ပတ်ဝန်းကျင် ထိခိုက်မှု၊ ထိခိုက်မှုအမျိုးစားနှင့် ပမာဏ ကဲ့သို့သော အကြောင်းအရာအများစုကို စုဆောင်းထားသည့် database တွင် တွေ့ရှိရသည်။

ဘာသာရေးအဆောက်အအုံများအား လေကြောင်းတိုက်ခိုက်မှုကြောင် ထိခိုက်မှု ပမာဏကို Myanmar Witness မှ အောက်ပါအတိုင်း အဆင့်ခွဲခြားသတ်မှတ်မှု ပြုလုပ်ခဲ့သည်။

Myanmar Witness မှ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ဘာသာရေး အဆောက်အအုံ၏ ထိခိုက်မှုအား သုံးသပ်မှုပြုလုပ်သည်။ ထိခိုက်မှု ပမာဏအား Myanmar Witness မှ အဆင့် ငါးဆင့်ဖြင့် အောက်ပါအတိုင်း သတ်မှတ်သည်။

- မမြင်နိုင် - ထိခိုက်ပျက်စီးသွားကြောင်း စာများဖြင့်ဖော်ပြထားပြီး ရုပ်သံမပါဝင်ခြင်း။
- ထိခိုက်မှုမရှိ - အပင်များ သို့မဟုတ် မြေကြီးပေါ်တွင် ထိခိုက်မှုများကို တွေ့ရပြီး ဘာသာရေး အဆောက်အအုံတွင် မတွေ့ရခြင်း။
- အသေးစားပျက်စီးမှု - ဘာသာရေးအဆောက်အအုံများတွင် အပေါက်ငယ်များ သို့မဟုတ် ထိခိုက်မှု အနည်းငယ်မြင်ရခြင်း။
- အကြီးစားပျက်စီးမှု - ဘာသာရေးအဆောက်အအုံ၏ နံရံများ သို့မဟုတ် အမိုးများတွင် သိသာထင်ရှားသည့် ပျက်စီးမှုပုံစံများ မြင်တွေ့ရခြင်း။
- လုံးဝ ပျက်စီးမှု - အမိုးနှင့် နံရံများ ဘာသာရေးအဆောက်အအုံပေါ်သို့ ပြိုကျပျက်စီးခြင်း။

Myanmar Witness သည် ပဋိပက္ခဖြစ်ပွားဆဲ ဒေသများမှ အချက်အလက်များကို ရယူထားခြင်းဖြစ်ပြီး အချက်အလက် မတင်ပြနိုင်မှု၊ အင်တာနက်ဖြတ်တောက်ထားမှုများကြောင့် သတင်းဘက်လိုက်မှု ကဲ့သို့သော ကန့်သတ်ချက်များရှိနိုင်သည်။ ဤကန့်သတ်ချက်များအား လျှော့ချရန်အတွက် Myanmar Witness မှ တစ်ခုထက်မကသော အရင်းမြစ်များမှ အချက်အလက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။